# ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ ၏
# မူဝါဒသဘောတရား၊ လုပ်ငန်းစဉ်များ၊
# ပါတီစည်းမျဉ်း နှင့် ဖွဲ့စည်းပုံ

# အခန်း (၁)

**အမည်**

ပါတီ၏အမည်ကို " ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ " ဟုခေါ်တွင်သည်။ " ရှမ်းတိုင်းရင်းသားများ " ဆိုသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံ အနှံ့အပြားတွင် နေထိုင်ကြသော ရှမ်းမျိုးနွယ်စုများအားလုံးနှင့် ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးစုများအားလုံး ကိုဆိုလိုသည်။

**အလံ**

ပါတီ၏အလံတွင် အစိမ်းရောင်နှင့် အနီရောင်နောက်ခံထား၍ အလယ်တွင် လပြည့်ဝန်းပုံ ပါရှိသည်။ အပေါ်ပိုင်းအရောင်သည် အစိမ်းရောင်ဖြစ်ပြီး အောက်ပိုင်းအရောင်သည် အနီရောင် ဖြစ်၍ အစိမ်းနှင့်အနီရောင်ကို တစ်ဝက်စီ ပိုင်းခြားထားသည်။ အတိုင်းအတာမှာ အလျား ၅ပေ၊ အနံ ၃ ပေ ဖြစ်ပြီး လဝန်း၏အချင်းမှာ ၂ ပေဖြစ်သည်။



အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ အစိမ်းရောင်သည် အေးမြခြင်း၊ ငြိမ်းချမ်းခြင်းကို ရည်ညွှန်းပြီး အနီရောင်သည် ရဲရင့်ခြင်း၊ ပြတ်သားခြင်း၊ နိုးကြားတက်ကြွခြင်းကို ရည်ညွှန်းသည်။ အဖြူရောင်လပြည့်ဝန်းမှာ တည်ငြိမ်မှု၊ အေးချမ်းမှု၊ ရိုးသားမှုကို ရည်ညွှန်းသည်။

**အမှတ်တံဆိပ်**



ကျားဖြူတစ်ကိုယ်လုံးပုံကို အစိမ်းရောင်နောက်ခံထားသည်။ ကျားဖြူသည် ရှမ်းတိုင်းရင်းသားများ အား ကာကွယ်စောင့်ရှောက်ပေးသည်ဟု မိရိုးဖလာအစဉ်အလာအရ ယုံကြည်သည့်အတွက် အသုံးပြုခြင်းဖြစ်ပါသည်။

## အခန်း (၂)

### ယုံကြည်ချက်

လူလူချင်းဖိနှိပ်ချုပ်ချယ်မှုကင်းခြင်း၊ တိုင်းရင်းသားလူမျိုးများအကြား ရင်းနှီးချစ်ကြည်ခြင်း လူ့အခွင့်အရေးများ တန်းတူညီမျှမှုရရှိခြင်း၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်းများ နှင့်ပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နိုင်မှသာလျှင် စည်းလုံးညီညွတ်၍ တည်ငြိမ်အေးချမ်းကာ တည်တံ့ခိုင်မာသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဟု အလေးအနက်ယုံကြည်သည်။

### ရည်ရွယ်ချက်

(က) ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးကို ငြိမ်းချမ်းသောလမ်းစဉ်ဖြင့် တည်ဆောက်မည်။

(ခ) ပြည်ထောင်စုတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် သွေးစည်းညီညွတ်မှုရရှိရေး ဆောင်ရွက်မည်။

(ဂ) ပြည်ထောင်စုအတွင်း နေထိုင်ကြသော တိုင်းရင်းသားလူမျိုးများအားလုံး လူ့အခွင့်အရေးများ အပြည့်အဝရရှိရေး ဆောင်ရွက်မည်။

(ဃ) တိုင်းရင်းသားလူမျိုးအသီးသီး၏ စာပေယဉ်ကျေးမှုနှင့် ရိုးရာဓလေ့များ မပျောက်ပျက်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်။

(င) စိတ်ကူးယဉ်မျှော်မှန်းချက်ထက် လက်တွေ့အကျိုးဖြစ်ထွန်းရေးကို ဦးစားပေးဖော်ဆောင်မည်။

(စ) နိုင်ငံရေးနှင့် အခြားကဏ္ဍအသီးသီးတွင် ထိပ်တိုက်ရင်ဆိုင်ရေး၊ ဆန့်ကျင်ရေးကို ဦးစားမပေးဘဲ ပိုမိုထိရောက်သော အကျိုးဖြစ်ထွန်းမှုအတွက် ရရှိသည့် လုပ်ပိုင်ခွင့်များအားလုံးကို ရယူအကောင်အထည်ဖော်သွားမည်။

(ဆ) အချိန်ကာလတစ်ခုအတွင်း ရရှိလာသည့် အတွေ့အကြုံရင့်ကျက်မှုများဖြင့် ဒီမိုကရေစီလုပ်ငန်းစဉ်များ၌ ပါတီ၏ရည်ရွယ်ချက်၊ ဦးတည်ချက်နှင့် မူဝါဒများကို ခေတ်ကာလနှင့်အညီ ပြောင်းလဲပြင်ဆင် သတ်မှတ်သွားမည်။

## အခန်း (၃)
## ဖွဲ့စည်းပုံနှင့် အခြေခံစည်းမျဉ်း

၁။ ပါတီ၏ ဖွဲ့စည်းပုံအဆင့်ဆင့်ကို အောက်ပါအတိုင်း သတ်မှတ်သည်။

(က) ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပါတီအတွက် သက်ဆိုင်ရာအလုပ်အမှုဆောင်အဖွဲ့ သို့မဟုတ် စည်းရုံးရေးမှူး ၊ စည်းရုံးရေးအဖွဲ့

(ဂ) ခရိုင်ပါတီအတွက် သက်ဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့ သို့မဟုတ် စည်းရုံးရေးမှူး၊ စည်းရုံးရေးအဖွဲ့

(ဃ) မြို့နယ်ပါတီအတွက် သက်ဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့ သို့မဟုတ် စည်းရုံးရေးမှူး၊ စည်းရုံးရေးအဖွဲ့

(င) ရပ်ကွက်/ ကျေးရွာအုပ်စုများအတွက် စည်းရုံးရေးမှူး သို့မဟုတ် စည်းရုံးရေးအဖွဲ့

၂။ အလုပ်အမှုဆောင် အဖွဲ့အဆင့်ဆင့်၏ အဖွဲ့ဝင်ဦးရေ ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ရွေးချယ်တင်မြှောက်ခြင်း လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့က လိုအပ်သလို သတ်မှတ်နိုင်သည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ဖွဲ့စည်းပုံမှာ အောက်ပါအတိုင်းဖြစ်ပြီး လူဦးရေ(၂၁)ဦး သတ်မှတ်သည်။

| | | |
|---|---|---|
| (၁) | ဥက္ကဋ္ဌ | (၁) ဦး |
| (၂) | ဒုဥက္ကဋ္ဌ | (၃) ဦး |
| (၃) | အထွေထွေအတွင်းရေးမှူး | (၁) ဦး |
| (၄) | တွဲဖက်အတွင်းရေးမှူး | (၂) ဦး |
| (၅) | ဘဏ္ဍာရေးနှင့် ငွေကြေး ရ/သုံးစာရင်း ပြုစုရေးအဖွဲ့ | |
| (၆) | စာရင်းစစ်အဖွဲ့ | |
| (၇) | စည်းရုံးရေးအဖွဲ့ | |
| (၈) | ဝါဒရေးရာနှင့် သတင်းပြန်ကြားရေးအဖွဲ့ | |
| (၉) | ဗဟိုရုံးလုပ်ငန်းအဖွဲ့ | |

၃။ ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် မိမိပါတီနှင့် သက်ဆိုင်သောလုပ်ငန်းရပ်များ အားလုံး၌ လုပ်ပိုင်ခွင့်အရှိဆုံး ရှိသည့် အမြင့်ဆုံးအာဏာပိုင်အဖွဲ့ ဖြစ်သည်။

ပါတီအလုပ်အမှုဆောင်အဖွဲ့ အဆင့်အားလုံး၏ သက်တမ်းသည် လွှတ်တော်သက်တမ်းနှင့် တူညီသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် သက်တမ်းတစ်ခုအတွင်း ပါတီ၏ ပုံမှန်အစည်းအဝေးများအပြင် အရေးပေါ် သို့မဟုတ် အထူးအစည်းအဝေးများကိုလည်း လိုအပ်ပါက ခေါ်ယူနိုင်သည်။

ပုံမှန်အစည်းအဝေးကို (၆)လတစ်ကြိမ် ကျင်းပရမည်။

၄။ ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် လွှတ်တော်သက်တမ်းတစ်ရပ်အတွင်း အောက်ခြေအဆင့်ရှိ ပါတီများက စည်းရုံးရေးလုပ်ငန်းများအတွက် ဆောင်ရွက်ရာတွင် လိုအပ်သော အသုံးစရိတ်များကို သတ်မှတ်ပေးရမည်။ ထို့အပြင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် ကျန်အမှုဆောင်အဖွဲ့အဆင့်အားလုံး၏ အသုံးစရိတ်များကို ငွေစာရင်းစံနစ်တကျ ပြုစုထားရှိစေရန် ညွှန်ကြားခြင်း၊ စီစဉ်ဆောင်ရွက်ခြင်းများ ပြုလုပ်ရမည်။

ပါတီ၏ နှစ်စဉ်ငွေစာရင်းရှင်းတမ်းများကို ဘဏ္ဍာရေးနှစ်အလိုက် ရေးဆွဲခြင်း၊ ပါတီပိုင်ပစ္စည်းများနှင့် စပ်လျဉ်းသည့် နှစ်ချုပ်စာရင်းပြုစုခြင်း၊ ထိုနှစ်ချုပ်စာရင်းများကို ပါတီအလုပ်အမှုဆောင်အဖွဲ့များ အဆင့်တိုင်းတွင် ပြုလုပ်သည့် နှစ်ပတ်လည်အစည်းအဝေး၌ ရှင်းလင်းတင်ပြပြီး၊ ဆုံးဖြတ်ချက်၊ အတည်ပြုချက်များ ရယူရန် ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ကြိုတင်လမ်းညွှန်ချက်များ ချမှတ်နိုင်သည်။

ပါတီပိုင်ပစ္စည်းများ ထိန်းသိမ်းခြင်း၊ စာရင်းများ စနစ်တကျ ပြုစုထားရှိခြင်းတို့ကို

(က) ပါတီဌာနချုပ်ဖြစ်လျှင် ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပါတီများအတွက်ဖြစ်လျှင် သက်ဆိုင်ရာ ပါတီအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး

(ဂ) ရပ်ကွက်/ကျေးရွာအုပ်စု ပါတီအတွက်ဖြစ်လျှင် သက်ဆိုင်ရာစည်းရုံးရေးမှူးတို့က ဆောင်ရွက်ရမည်။

## ပါတီစည်းကမ်းများ

၁။ ပါတီဝင်များသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များကို အပြည့်အဝ လိုက်နာဆောင်ရွက်ကြရမည်။

၂။ မိမိပါတီ၏ စည်းလုံးမှု၊ ဂုဏ်သတင်း စသည်တို့ကို ထိခိုက်နစ်နာစေမည့် အပြုအမူ၊ အပြောအဆို၊ အရေးအသားများကို လုံးဝရှောင်ကြဉ်ရမည်။

၃။ ပါတီဝင်အချင်းချင်း အပြန်အလှန်လေးစားမှု၊ ကူညီရိုင်းပင်းမှုများ ရှိရမည်။

၄။ ပါတီညီလာခံနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့က အခါအားလျော်စွာ ထုတ်ပြန်သည့်အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာရမည်။

၅။ ပါတီဝင်များသည် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ သို့မဟုတ် အခြားအဆင့်မှ အလုပ်အမှုဆောင်အဖွဲ့ တစ်ဖွဲ့ဖွဲ့၏ တာဝန်ပေးချက်အရ မဟုတ်လျှင် မည်သည့်နိုင်ငံရေးပါတီ တစ်ခုခု သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးဦးနှင့်မျှ ပါတီ၏ လုပ်ငန်းကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း၊ အပေးအယူပြုလုပ်ခြင်း၊ ကတိကဝတ် အပြန်အလှန်ပြုခြင်းများကို မပြုလုပ်ရန်။

၆။ ပါတီဝင်တစ်ဦးသည် ၎င်းနေထိုင်ရာ အရပ်ဒေသ၏ အခြားလူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့ တစ်ခုခုတွင် ကြီးမားသော တာဝန်တစ်ရပ်ရပ် ပေးအပ်ခြင်းခံရပါက သက်ဆိုင်ရာပါတီအလုပ်အမှုဆောင်အဖွဲ့သို့ အသိပေးရမည်။

၇။ ပါတီဝင်တစ်ဦးသည် သတ်မှတ်ထားသော ပါတီလစဉ်ကြေးကို မပျက်မကွက် ပုံမှန်ထည့်ဝင်ပေးရမည်။

၈။ ပါတီဝင်များသည် ပြည်သူ့အကျိုးနှင့် ပါတီတာဝန်များကို သယ်ပိုးဆောင်ရွက်ရာတွင် ရိုးသားပြီး ကြိုးစားမှု အပြည့်ရှိရပါမည်။

၉။ အခြားပါတီတစ်ခုခု၌ ပါဝင်ပတ်သက်ခြင်း မရှိစေရ။

၁၀။ ဥပဒေနှင့်မကင်းသည့် ကိစ္စရပ်များ လုံးဝပြုလုပ် ကျူးလွန်ခြင်း မရှိစေရ။

## ပါတီဝင်အရည်အချင်း

ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ၏ နိုင်ငံရေးမူဝါဒ သဘောထားများနှင့် ပါတီဖွဲ့စည်းပုံ စည်းမျဉ်းစည်းကမ်းများကို လက်ခံယုံကြည်သူ အမျိုးသား အမျိုးသမီး မခွဲခြားဘဲ၊ မည်သူမဆို အောက်ပါအရည်အချင်းနှင့် ကိုက်ညီသူများသည် မိမိနေထိုင်ရာအရပ်ဒေသရှိ ပါတီအလုပ်အမှုဆောင်အဖွဲ့ သို့မဟုတ် စည်းရုံးရေးအဖွဲ့ထံ သတ်မှတ်ထားသော ပါတီဝင်ကြေးနှင့်အတူ ပါတီဝင်လျှောက်လွှာပုံစံ ဖြည့်သွင်း၍ ပါတီဝင်အဖြစ်လျှောက်ထားနိုင်သည်။

(၁) နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူဖြစ်ခြင်း၊

(၂) အသက်(၁၈)နှစ် ပြည့်ပြီးသူဖြစ်ခြင်း၊

(၃) သာသနာ့ဝန်ထမ်း မဟုတ်ခြင်း၊

(၄) နိုင်ငံ့ဝန်ထမ်း မဟုတ်ခြင်း၊

(၅) ထောင်ကျခံနေရသူ မဟုတ်ခြင်း၊

(၆) နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်နေသော၊ သောင်းကျန်းသူအဖွဲ့အစည်းဝင် သို့မဟုတ် အကြမ်းဖက်လုပ်ငန်းများကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်ထားသော အဖွဲ့အစည်းဝင်နှင့် ပုဂ္ဂိုလ်များ သို့မဟုတ် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်းခံရသော အဖွဲ့အစည်းဝင် သို့မဟုတ် ယင်းအဖွဲ့အစည်းဝင်များနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းပြုသည့် အဖွဲ့အစည်းဝင် မဟုတ်ခြင်း၊

(၇) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေပါပြစ်မှုတစ်ရပ်ရပ်နှင့် ငြိစွန်းသူမဟုတ်ခြင်း၊

(၈) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူမဟုတ်ခြင်း၊

(၉) ပုဒ်မ(၆)ပါအချက်များအား စောင့်ထိန်းလိုက်နာမည်ဖြစ်ကြောင်း ဝန်ခံထားသူဖြစ်ခြင်း၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ထုတ်ပြန်သည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ–၆ ပါအချက်များမှာ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) ပြည်ထောင်မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်း စောင့်ရှောက်ရေး၊

(ဃ) လူမျိုးရေး သို့မဟုတ် ဘာသာရေး သို့မဟုတ် လူတစ်ဦးချင်း သို့မဟုတ် လူအများနှင့် ပတ်သက်၍ ဖြစ်ပေါ်စေနိုင်သည့် ၊ သိက္ခာနှင့်ကိုယ်ကျင့်တရားကို ထိခိုက်စေနိုင်သည့် ရေးသားမှု ဟောပြောမှု သို့မဟုတ် စည်းရုံးလှုံ့ဆော်မှု မပြုလုပ်ရေး၊

(င) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားမပြုလုပ်ရေး၊

(စ) နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း သို့မဟုတ် ယင်းတို့၏ဩဇာကို ခံယူခြင်းမပြုရေး၊

၁၀။ ပါတီဝင်အဖြစ် လျှောက်ထားလိုသူသည် လက်ရှိပါတီဝင်ဖြစ်သူ (၁) ဦး၏ထောက်ခံချက်ကို ရယူပြီး လျှောက်ထားရမည်။

၁၁။ ပါတီဝင်များ စည်းကမ်းထိန်းသိမ်း လိုက်နာစေရန်၊ ပါတီစည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ကြီးကြပ်တာဝန်ယူ ဆောင်ရွက်သွားမည်။ ပါတီဝင်တစ်ဦးသည် ပါတီစည်းကမ်းကို ဖောက်ဖျက်ပါက ပါတီ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့၏ စုံစမ်းစစ်ဆေးခြင်း၊ အရေးယူခြင်းများကို ခံရမည်။

**အထွေထွေ**

၁။ ပါတီ၏ နိုင်ငံရေးမူဝါဒသဘောထား၊ ပါတီဖွဲ့စည်းပုံ၊ စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ ပါတီညီလာခံ၏ ဆုံးဖြတ်ချက်အရဖြစ်စေ၊ ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ပုံမှန်အစည်းအဝေး၊ အရေးပေါ် သို့မဟုတ် အထူးအစည်းအဝေးများမှ ဆုံးဖြတ်ချက်အရဖြစ်စေ၊ ခရိုင်၊ မြို့နယ် အလုပ်အမှုဆောင်အဖွဲ့များ၏ တင်ပြချက်များကို အခြေခံ၍ဖြစ်စေ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း သို့မဟုတ် အသစ်ရေးဆွဲခြင်းများကို ပြုလုပ်နိုင်သည်။ ထိုသို့ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း သို့မဟုတ် အသစ်ရေးဆွဲခြင်းများကို ပြုလုပ်မည့်အကြောင်းအား ကော်မရှင်သို့တင်ပြပြီး ခွင့်ပြုချက် ရယူရမည်။

၂။ ပါတီဌာနချုပ်၏ တည်နေရာမှာ အမှတ် (၉)၊ သစ္စာဥယျာဉ်အိမ်ယာ၊ (၈)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ ဖြစ်သည်။

## အခန်း (၄)
## ပါတီ၏ မူဝါဒသဘောထား

၁။ ပါတီစုံဒီမိုကရေစီ နိုင်ငံရေးစနစ်

(က) ဤပါတီသည် စစ်မှန်သော ပါတီစုံဒီမိုကရေစီ နိုင်ငံရေးစနစ်ဖြင့်သာလျှင် သာယာဝပြော စည်ပင်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကို ထူထောင်နိုင်မည်ဟု ယုံကြည်ပါသည်။

(ခ) တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်၍ ပြည်သူတို့၏ အကျိုးစီးပွားကို ဖော်ဆောင်ရန်အတွက် လူထုတစ်ရပ်လုံး၏ ဆန္ဒနှင့်အညီ ရွေးကောက်တင်မြှောက်လိုက်သော အစိုးရတွင် တာဝန်ရှိသည်။

(ဂ) နိုင်ငံသားတိုင်းသည် အခြေခံဒီမိုကရေစီကျင့်စဉ်များဖြစ်သော သူတစ်ပါးအား ထိခိုက်နစ်နာဆုံးရှုံးမှု မဖြစ်စေပဲ လွတ်လပ်စွာ ပြုမူလုပ်ကိုင်ခြင်း၊ ဖွင့်ဟထုတ်ဖော် ပြောဆိုရေးသားခြင်း၊ ကြံစည်တွေးတောခြင်း၊ သက်ဝင်ယုံကြည်ခြင်း စသည်တို့ကို လေးစားစွာ လိုက်နာကျင့်သုံးခြင်းဖြင့် ငြိမ်းချမ်းရေး၊ လွတ်လပ်ရေး၊ တိုင်းရင်းသားသွေးစည်းညီညွတ်ရေး တို့ကို အစဉ်ထိန်းသိမ်းသွားနိုင်မည့် ဒီမိုကရေစီ၏ အခြေခံအုတ်မြစ်ကို တည်ဆောက်နိုင်မည်။

(ဃ) ပါတီစုံဒီမိုကရေစီစနစ်တွင် တိုင်းရင်းသားပြည်သူတို့သည် မိမိနှစ်သက်ယုံကြည်သော တရားဝင်ပါတီအဖွဲ့အစည်းသို့ ပါဝင်ခြင်း၊ ထောက်ခံအားပေးခြင်း၊ အထောက်အကူပြုခြင်း စသည့် နိုင်ငံသားတိုင်းရရှိအပ်သည့် နိုင်ငံရေးအခြေခံအခွင့်အရေးများ တန်းတူတင်းပြည့်ကျပ်ပြည့် ရရှိမှသာလျှင် အချင်းချင်း သံသယကင်းရှင်း၍ ခိုင်မြဲသော တိုင်းရင်းသားသွေးစည်းညီညွတ်မှုကို ဖော်ဆောင်နိုင်မည်။ ထိုမှ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲသော ပြည်ထောင်စုကို တည်ဆောက်နိုင်မည်။

(င) တိုင်းရင်းသားပြည်သူတို့၏ အသိစိတ်ဓါတ်နှင့် လူမှုအဖွဲ့အစည်း လိုအပ်ချက်အရ အခြေပြုဖြစ်ပေါ်လာသော လူမှုအဖွဲ့အစည်းများ ဖြစ်ကြသည့်–

- တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးအသင်းများ
- ဘာသာရေးအသင်းများ
- စေတနာ့ဝန်ထမ်းအသင်းများ
- လူမှုရေးကူညီစောင့်ရှောက်ရေးအသင်းများ
- လူငယ်ရေးရာအဖွဲ့အစည်းများ
- အမျိုးသမီးရေးရာအဖွဲ့အစည်းများ

တို့သည် ဒီမိုကရေစီစနစ်အတွင်း မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းများဖြစ်ကြပြီး ၎င်းတို့ကို လေးစားတန်ဖိုးထားခြင်းအားဖြင့် ပြည်သူမှ ပြည်သူသို့ အကျိုးပြု ဆောင်ရွက်လိုစိတ်ဆန္ဒများ တိုးပွားလာကာ စည်းလုံးခိုင်မာသော ဒီမိုကရေစီအနှစ်သာရ ပြည့်ဝသည့် ပြည်ထောင်စု ဖြစ်လာမည်ဟု ယုံကြည်သည်။

၂။ တိုင်းရင်းသားသွေးစည်းညီညွတ်မှု ရရှိရေး

(က) ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားမျိုးနွယ်များ စုပေါင်းနေထိုင်လျက်ရှိသော နိုင်ငံတော် ဖြစ်သည်နှင့်အညီ နိုင်ငံတော်တည်တံ့ခိုင်မြဲရေးအတွက် စစ်မှန်သော တိုင်းရင်းသားသွေးစည်းညီညွတ်မှု ရရှိရေးသည် အဓိကအရေးကြီးသော အခန်းကဏ္ဍ တစ်ရပ် ဖြစ်ပါသည်။

(ခ) တန်းတူညီမျှရေးသဘောထားသည် တိုင်းရင်းသားလူမျိုးများအတွင်း မရှိမဖြစ် လိုအပ်သော အခြေခံသဘောတရားတစ်ရပ်ဖြစ်သည်။

(ဂ) လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ချစ်ကြည်ရင်းနှီးခြင်း၊ အပြန်အလှန်လေးစားခြင်း နှင့်အညီ လက်တွေ့ဘဝတွင် ဒီမိုကရေစီရပိုင်ခွင့်များ ရရှိကြသော တိုင်းရင်းသား လူမျိုးများ၏ ညီညွတ်မှုအင်အားဖြင့်သာလျှင် ပြည်ထောင်စုဖွံ့ဖြိုးတိုးတက်ရေး လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တို့ကို အစွမ်းကုန်ကြိုးပမ်း အကောင်အထည် ဖော်ဆောင်နိုင်မည်ဖြစ်သည်။

၃။ နိုင်ငံခြားရေးနှင့် နိုင်ငံတကာဆက်ဆံရေး

(က) လွတ်လပ်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးမည်။

(ခ) နိုင်ငံတကာဆက်ဆံရေးတွင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကို အခြေခံလျက် အခြားကမ္ဘာ့နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံသွားမည်။

(ဂ) ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးရပ်ကို အခြေခံ၍
- နိုင်ငံတစ်နိုင်ငံ၏ နယ်မြေနှင့် အချုပ်အခြာအာဏာကို အခြားနိုင်ငံမှလေးစားရန်။
- တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကျူးကျော်တိုက်ခိုက်မှု မပြုရန်။
- တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပြည်တွင်းရေးရာကိစ္စများ ဝင်ရောက်စွက်ဖက်ခြင်း မပြုရန်။
- တစ်နိုင်ငံနှင့်တစ်နိုင်ငံ အဆင့်အတန်းချင်း ညီမျှမှုနှင့် အကျိုးဖြစ်ထွန်းမှု ရှိစေရန်။
- နိုင်ငံရေးအယူဝါဒ ကွဲလွဲစေကာမူ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ငြိမ်းချမ်းစွာ အတူပေါင်းသင်းဆက်ဆံရန်။

(ဃ) ကမ္ဘာ့နိုင်ငံအချင်းချင်း တစ်ဦးနှင့်တစ်ဦး ကြောက်ရွံ့ရခြင်းမှ ကင်းဝေး၍ အချင်းချင်း ယုံကြည်လေးစားစေတနာထား ဆက်ဆံလျက် အောက်ပါမူများကို အခြေခံ၍ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ပြီး ချစ်ကြည်ရင်းနှီးမှုကို တိုးတက်အောင်ဆောင်ရွက် ရမည်ဖြစ်သည်။

(ဃက) လူ့အခွင့်အရေးနှင့် ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်၏ ရည်ရွယ်ချက်များကို လေးစားလိုက်နာရန်။

(ဃခ) အားလုံးသောနိုင်ငံတို့၏ အချုပ်အခြာအာဏာနှင့် နယ်မြေတို့ကိုလေးစားရန်။

(ဃဂ) ကြီးငယ်မဟူ အားလုံးသောလူမျိုးများနှင့် နိုင်ငံတို့၏ အဆင့်အတန်း တူညီမှုကို အသိအမှတ်ပြုရန်။

(ဃဃ)အခြားတိုင်းပြည်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းနှင့် နှောင့်ယှက်ခြင်းများကို ရှောင်ကြဉ်ရန်။

(ဃင) ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်အရ နိုင်ငံအသီးသီး၏ ကာကွယ်ပိုင်ခွင့်ကို လေးစားလိုက်နာရန်။

(ဃစ) နိုင်ငံတစ်ခု၏ အကျိုးအတွက် စုပေါင်းကာကွယ်ရေးအစီအစဉ်များတွင် ပါဝင်ခြင်း၊ နိုင်ငံတစ်နိုင်ငံအား အနိုင်ကျင့်ခြင်းမှ ရှောင်ကြဉ်ရန်။

(ဃဆ)မည်သည့်နိုင်ငံ၏ နိုင်ငံရေးနှင့် ပိုင်နက်နယ်မြေကိုမဆို ခြိမ်းခြောက်ခြင်း လက်နက်အားကိုးဖြင့် အနိုင်ကျင့်ခြင်း၊ နှိပ်စက်ညှင်းပန်းခြင်းအား ရှောင်ကြဉ်ရန်။

(ဃဇ) အားလုံးသောနိုင်ငံတို့၏ အငြင်းပွားမှုများကို ဖြေရှင်းရာတွင် ငြိမ်းချမ်းသော နည်းလမ်းများဖြင့်သာ ရွေးချယ်ဖြေရှင်းရန်။

(ဃဈ) အကျိုးတူကိစ္စရပ်များနှင့် စုပေါင်းညီညွတ်မှုတရေးကို မြှင့်တင်အားပေးရန်။

(ဃည)အပြည်ပြည်ဆိုင်ရာ တာဝန်ဝတ္တရားများနှင့် တရားမျှတမှုများကို လေးစားရန်။

၄။ စီးပွားရေး

(က) နိုင်ငံသားတိုင်း၊ တိုင်းရင်းသားလူမျိုးတိုင်း စားဝတ်နေရေးဖူလုံ၍ အဆင့်အတန်းမြင့်မားပြီး ကမ္ဘာနှင့် ရင်ဘောင်တန်းနိုင်ရန် လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးမည်။

(ခ) လွတ်လပ်သောစီးပွားရေးစနစ်သည် ကမ္ဘာ့ကုန်သွယ်ရေးစနစ်နှင့် လိုက်လျောညီထွေ ဖြစ်စေရမည်။

(ဂ) ကမ္ဘာ့မိတ်ဖက်နိုင်ငံများနှင့် အုပ်စုဖွဲ့၍ လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်ကို မိမိနိုင်ငံသားများ အကျိုးငှာ ပူးပေါင်းပါဝင်ကျင့်သုံးမည်။

## အခန်း (၅)

## အထွေထွေ

### (က) လယ်ယာစိုက်ပျိုးရေးကဏ္ဍ

၁။ လယ်ယာမြေစိုက်ပျိုးလုပ်ကိုင်သူ တောင်သူလယ်သမားတိုင်းသည် မြေယာပိုင်ဆိုင်ခွင့် လွှဲပြောင်းပိုင်ခွင့် ရှိစေရမည်။

၂။ လယ်ယာထွက်ကုန်များကို စိုက်ပျိုးခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် ရောင်းချခြင်းတို့ကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရှိစေရမည်။

၃။ လယ်ယာထွက်ကုန်ပစ္စည်းများကို ကာလပေါက်ဈေးအတိုင်း ရရှိခံစားနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးမည်။

၄။ တောင်သူလယ်သမားများအတွက် ကာလတို၊ ကာလရှည်ချေးငွေများကို ရရှိနိုင်ရန် စီမံဆောင်ရွက်ပေးမည်။

၅။ မြေလွတ်မြေရိုင်းများကို စိုက်ပျိုးမြေအဖြစ် တိုးချဲ့ဖော်ထုတ်၍ မျိုးကောင်းမျိုးသန့် အထွက်တိုးစပါးများနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်ရေးကို အားပေးကူညီမည်။

၆။ စိုက်ပျိုးရေးတွင် လိုအပ်သော ဓါတ်မြေဩဇာ အလုံအလောက်ရရှိရေး၊ ခေတ်မီစက်ကိရိယာများ အသုံးပြုနိုင်ရေးနှင့် နည်းပညာတိုးတက်ထွန်းကားရေးတို့ကို အားပေးကူညီဆောင်ရွက်သွားမည်။

၇။ လယ်ယာစိုက်ပျိုးရေးတွင် ဆန်စပါးနှင့် စက်မှုကုန်ကြမ်း ထုတ်လုပ်မှုကို အဓိကထားပြီး နိုင်ငံခြားငွေရရှိမည့် အခြားသီးနှံများ စိုက်ပျိုးရေးကိုလည်း အားပေးသွားမည်။

၈။ ခေတ်မီစိုက်ပျိုးရေး နည်းပညာများ တိုးတက်ပြန့်ပွားရေးကို ရှေ့ရှုမည့် နိုင်ငံတကာအဆင့်မီ စိုက်ပျိုးရေးနည်းပညာသင်ကြားရေး အစီအမံများကို အားပေးကူညီမည်။

၉။ တောင်သူလယ်သမားများ၏ လူနေမှုဘဝ တိုးတက်မြင့်မားရေးကို အမြဲရှေ့ရှုသည်။

### (ခ) သစ်တောရေးရာကဏ္ဍ

၁။ သစ်တောမပြုန်းတီးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို ဖော်ဆောင်သွားမည်။

၂။ သစ်တောထွက်ပစ္စည်းများ၊ စက်မှုကုန်ကြမ်းအထောက်အကူပြုသစ်များ စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးသွားနိုင်ရန် စီမံဆောင်ရွက်မည်။

၃။ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် အစုအဖွဲ့ပိုင် သစ်တောများ၊ ပုဂ္ဂလိကပိုင် သစ်တောစိုက်ခင်းများ ပိုမိုပေါ်ထွန်းလာအောင် အားပေးကူညီ ဆောင်ရွက်သွားမည်။

## (ဂ) သားငါး၊ တိရစ္ဆာန် မွေးမြူရေးကဏ္ဍ

၁။ ခေတ်မီ၍ သိပ္ပံနည်းကျသော ငါးမွေးမြူရေး နှင့် တိရစ္ဆာန် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ မွေးမြူရေးလုပ်ငန်းရှင်များအား နည်းပညာဖြင့်သော်လည်းကောင်း၊ ချေးငွေဖြင့်သော်လည်းကောင်း ကူညီပံ့ပိုးဆောင်ရွက်ပေးမည်။

၂။ တောင်ပေါ်ဒေသများတွင် သိပ္ပံနည်းကျ ပျားမွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာကြစေရန် ပညာပေး စည်းရုံးဆောင်ရွက်သွားမည်။

## (ဃ) ကျန်းမာရေးကဏ္ဍ

၁။ နိုင်ငံတကာအဆင့်မီ အမျိုးသားကျန်းမာရေး စောင့်ရှောက်မှုအစီအမံများ အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်မည်။

၂။ ဆေးတက္ကသိုလ်များတွင် သင်ကြားရေးကိုအဆင့်မြှင့်ပြီး နိုင်ငံတကာအသိအမှတ်ပြုဆေးပညာရှင်များ ပေါ်ပေါက်ရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ နိုင်ငံခြားဆေးပညာဆိုင်ရာ ပါရဂူများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်သွားမည်။

၃။ အစိုးရဆေးရုံများတွင် ဆေးရုံအင်္ဂါနှင့် ညီညွတ်ပြည့်စုံရေး၊ ဆေးဝါးအလုံအလောက်ရရှိရေး ဖြည့်ဆည်းဆောင်ရွက်မည်။

၄။ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ညီညွတ်သည့် ပုဂ္ဂလိကဆေးရုံ ဆေးကုခန်းများ ဖွင့်လှစ်ရေးကို ခွင့်ပြုမည်။

၅။ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ကာကွယ်ဆေးထိုးလုပ်ငန်းများကို လိုအပ်သလို စီမံချက်ချ ဆောင်ရွက်မည်။

၆။ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍအလိုက် မြို့ပြနှင့်ကျေးလက် အလှမ်းကွာဟမှုကို ကျဉ်းမြောင်းစေရန် ကျေးလက်ကျန်းမာရေးကို ပိုမိုမြှင့်တင်ပေးမည်။

၇။ ကပ်ရောဂါအသွင်ဖြင့် ကျရောက်လာတတ်သည့် ရောဂါများကို နိုင်ငံတကာနှင့် ပူးပေါင်း၍ ကာကွယ်ကုသသွားနိုင်ရန် စီမံဆောင်ရွက်သွားမည်။

## (င) ပညာရေးကဏ္ဍ

၁။ အခြေခံမူလတန်းပညာရေးကို မသင်မနေရ အခမဲ့ပညာရေးစနစ်အဖြစ် ဖော်ဆောင်နိုင်ရန် ကြိုးပမ်းမည်။

၂။ တိုင်းရင်းသားတိုင်းသည် မိမိတို့၏စာပေကို ထိန်းသိမ်းမြှင့်တင်နိုင်ရေးအတွက် မိမိဘာသာစကား စာပေများကို စာသင်ကျောင်းများတွင် သင်ကြားနိုင်စေရန် ဥပဒေပြဋ္ဌာန်းနိုင်ရေး ကြိုးပမ်းမည်။

၃။ နိုင်ငံတကာအဆင့်မီသည့် ပညာရေးစနစ် ဖြစ်နိုင်ရေး စီမံဆောင်ရွက်သွားမည်။

၄။ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များတွင် ပြည်နယ်အလိုက် ကျောင်းသူ ကျောင်းသားများအား အချိုးအစားသတ်မှတ်၍ လက်ခံရေး ဆောင်ရွက်မည်။

၅။ အနာဂတ်ဘဝကို အာမခံချက်ပေးနိုင်မည့် နိုင်ငံတကာအဆင့်မီသည့် ပညာရေးစနစ်ဖြစ်ရန် စီမံဆောင်ရွက်သွားမည်။

## (စ) အလုပ်သမားရေးရာကဏ္ဍ

(က) အလုပ်သမားဟုဆိုရာ၌ ကာယအလုပ်သမားဝန်ထမ်းများနှင့် ဥာဏအလုပ်သမားဝန်ထမ်းများကို ဆိုလိုသည်။ အလုပ်သမားသမဂ္ဂကို နိုင်ငံတော်က ပြဋ္ဌာန်းထားသောဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့၏ ညီလာခံမှ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းကာ အလုပ်သမားဝန်ထမ်းများ၏ ရရှိခံစားခွင့်ရှိသည့် အခွင့်အရေးများကို တရားဥပဒေဘောင်အတွင်းမှ အရေးဆိုပိုင်ခွင့် ရှိစေရမည်။

(ခ) အလုပ်ခန့်ထားရေး၊ ရာထူးတိုးမြှင့်ခန့်ထားရေးတို့နှင့် စပ်လျဉ်းပြီး၊ သြဇာအရှိန်အဝါကို အသုံးပြု၍ ကြားဖြတ်ခန့်ထားသည့် အခွင့်ထူးခံနည်းလမ်းများကို လုံးဝလက်ခံ ခွင့်ပြုမည်မဟုတ်။ အရည်အချင်းစစ်ဆေးမှုအရ၊ ခန့်အပ်မည့်တာဝန်နှင့် ထိုက်တန်သူကိုသာ အစဉ်အလိုက် မျှတစွာဖြစ်စေရမည်။

(ဂ) ဝန်ထမ်းဘဝ မြှင့်တင်ရေးအတွက် ပြည်တွင်း ပြည်ပများသို့ လုပ်ငန်းခွင်နှင့်သက်ဆိုင်သော လေ့လာရေးခရီးများ စေလွှတ်ခြင်း၊ လုပ်ငန်းခွင်သင်တန်းများ ဝန်ထမ်းအဆင့်အလိုက် ဖွင့်လှစ်ပေးခြင်း စသည်ဖြင့် စီစဉ်ဆောင်ရွက်ပေးမည်။

(ဃ) တာဝန်နှင့် အခွင့်အရေး၊ အလုပ်ချိန်နှင့် လုပ်ခလစာ၊ ခွင့်ရက်ခံစားခွင့်များနှင့် လုပ်ငန်းခွင်အတွင်း ထိခိုက်နစ်နာမှုအတွက် လျော်ကြေး စသည်များကို ဥပဒေနှင့်အညီ မျှတစွာခံစားနိုင်ခွင့် ရှိစေရမည်။

(င) အလုပ်ရှင်နှင့် အလုပ်သမားတို့၏ ဝါဏိဇ္ဇ ပဋိပက္ခ အမှုအခင်းများကို ဘက်လိုက်မှု မရှိစေရဘဲ တရားဥပဒေနှင့်အညီ ဖြစ်စေရမည်။

(စ) အငြိမ်းစားဝန်ထမ်းဘဝတွင် ကြောင့်ကြမှုကင်း၍ စိတ်အေးချမ်းမှုရရှိအောင် စီစဉ်ဆောင်ရွက်ပေးမည်။ ယခင်နှင့် ယခုကွာဟနေသော ပင်စင်လစာများကို မျှတမှုရှိစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်။

(ဆ) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရာတွင် အလုပ်သမားထု၏ အခန်းကဏ္ဍသည် အရေးပါသော ကဏ္ဍတစ်ရပ် ဖြစ်သောကြောင့် အလုပ်သမားဝန်ထမ်းများနှင့် ပတ်သက်၍ ဆုပေး၊ ဒဏ်ပေးစနစ်ကျင့်သုံးပြီး၊ အကျင့်ပျက်ခြစားမှုများကို တိုက်ဖျက်ချေမှုန်းသွားမည်။